# Project Fact Sheet

NEXUS RESPONSE MECHANISM

Funded by the European Union

Managed by UNOPS

# EU Myan Ku Fund

## ခြုံငုံဖော်ပြချက်

| | |
|---|---|
| စီမံကိန်းအမည် | **EU Myan Ku Fund** |
| ငွေကြေးထောက်ပံ့မှု | ဥရောပသမဂ္ဂ<br>လူသားချင်းစာနာမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု |
| သုံးစွဲငွေ | ယူရို ၁၀ မီလီယံ |
| အချိန်ကာလ | ဧပြီလ ၂၀၂၀ မှ ဖေဖော်ဝါရီလ ၂၀၂၂ |
| ဦးဆောင်အဖွဲ့အစည်းများ | United Nations Office of Project Services (UNOPS)<br>sequa gGmbH<br>Wave Money |
| ဒေသခံမိတ်ဖက်များ | MGMA - Myanmar Garment Manufacturers Association |
| | CTUM - Confederation of Trade Unions Myanmar |
| | CESD - Centre for Economic and Social Development |
| | Pyi Gyi Khin |
| | Opportunities NOW |
| | Thone Pan Hla |
| ၂၀၂၀ ခုနှစ်အတွင်းထူးခြားသော ငွေသားထုတ်ပေးမှု | ငွေပေးချေမှုပေါင်း ၁၀၈,၃၂၀ တွင် ၉၉.၉% သည် မိုဘိုင်း ပိုက်ဆံ ဖြင့်ဖြန့်ဝေသည် |
| ၂၀၂၀ ခုနှစ်အတွင်း ထုတ်ပေးသော ငွေသားပမာဏ | ၈.၁ ဘီလီယံ မြန်မာကျပ် /<br>ခန့်မှန်းခြေ ယူရို ၅ သန်း |
| ၂၀၂၀ ခုနှစ်အတွင်းခန့်မှန်းခြေ အကျိုးခံစားခွင့် ရရှိသူအရေ အတွက် | စက်ရုံအလုပ်သမားပေါင်း ၆၀,၀၀၀ အများစုမှာ ရွှေ့ပြောင်းအမျိုးသမီးအလုပ်သမားများ |
| ထောက်ပံ့ပေးသည့်ပမာဏ | ၂၅၀,၀၀ ကျပ် အနည်းဆုံး / တစ်လလျှင်<br>၁၂၅,၀၀၀ ကျပ် အများဆုံး / တစ်လလျှင် |





## အဓိကရည်ရွယ်ချက်

အားနည်းချက်ရှိသော စက်ရုံလုပ်သားများ ဥပမာ ကိုယ်ဝန်ဆောင်အလုပ်သမားများ ၊ ပြည်တွင်းရွှေ့ပြောင်း အလုပ်သမားများ နှင့် အခြားလိုအပ်ချက်ရှိသော အလုပ်သမားများ ကို သတ်မှတ်ချက်နှင့်ပြည့်မီသော စံနှုန်းများပေါ်မူတည်၍သူတို့၏အလုပ်လက်မဲ့ကာလ နှင့်အလုပ်ခန့်ထားစဉ်ကာလအတွင်းငွေသားဖြင့်ကူညီထောက်ပံ့ပေးမည်။ ရွှေ့ပြောင်းအလုပ်သမားများနှင့်ကိုယ် ဝန်ဆောင်အလုပ်သမားများသည် အစာအာဟာရ ဆိုင်ရာနေထိုင်မှုပုံစံ ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ငွေကြေး အသုံးပြုမှုဆိုင်ရာ တတ်ကျွမ်းမှုတို့အပေါ် အကြံပေးခြင်းများကို ရရှိ စေပါမည်။

## အဓိကလုပ်ဆောင်မှုများ

- မိုဘိုင်းငွေကြေးအကူအညီအတွက်ခန့်မှန်းခြေအားဖြင့်အကျိုးခံစားခွင့်ရှိသူ ၇၀,၀၀၀ ခန့်အားစာရင်းသွင်း ဆောင်ရွက် နိုင်ရန် ဖုံးခေါ်ဆိုမှုစင်တာကို တည်ဆောက်ခဲ့ခြင်း။
- စီမံကိန်းသည်အလုပ်ရှင်အဖွဲ့အစည်းများ၊အရပ်ဘက်လူ့အဖွဲ့အစည်းနှင့်အလုပ်သမားသမဂ္ဂများ နှင့်အတူ အလုပ်လက်မဲ့အလုပ်သမားများအားအထောက်အပံ့အတွက်စာရင်းသွင်းနိုင်ရန်ညှိနှိုင်းဆောင်ရွက် ပေးခြင်း။
- စီမံကိန်းသည်လူမှုဖူလုံရေးအဖွဲ့အစည်းနှင့်အတူ CoVID-19 ကူးစက်မှုကာလအတွင်း အလုပ် လက်မဲ့ စက်ရုံ အလုပ်သမား များအတွက် ပူးတွဲဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရန်နှင့် စီးပွားရေး အကျပ်အတည်းများ လျော့ချနိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း။
- အာဟာရဆိုင်ရာအကြံပေးခြင်းများ ကို ကိုယ်ဝန်ဆောင်အလုပ်သမားအယောက် ၂၀၀၀ အနည်းဆုံး ၊ ငယ်ရွယ်သော ကလေးငယ်များရှိသည့်အလုပ်သမားများနှင့်ပြည်တွင်းရွှေ့ပြောင်း အလုပ်သမားများကို ပြုလုပ်ပေး ခြင်း။
- စီမံကိန်းသည်အလုပ်လက်မဲ့အလုပ်သမားများအား အလုပ်ရရှိစေရန်နှင့်အသက်မွေးဝမ်းကြောင်း သင်တန်းများတက်ရောက်ရန် ထောက်ပံ့ကြေးများ ပံ့ပိုးပေး ခြင်း။
- မြန်မာနိုင်ငံ၏ အထည်ချုပ် ကဏ္ဍတွင် CoVID-19 ၏ စီးပွားရေးနှင့်လူမှုရေးအပေါ် သက်ရောက်မှုများ နှင့် မြန်ကူ၏သက်ရောက်မှုအပေါ် စစ်တမ်းကောက်ယူခဲ့ခြင်း။ အကျိုးခံ စားခွင့်ရှိသောသူအချို့အား ရွေးချယ်၍အာဟာရဆိုင်ရာသုတေသနကိုပြုလုပ်ခဲ့ ခြင်း။

**စီမံကိန်းအကောင်အထည်ဖော်မှု...**

sequa gGmbH Partner of German Business

wave money

# EU Myan Ku Fund

NEXUS RESPONSE MECHANISM

Funded by the European Union

Managed by UNOPS

## မျှော်မှန်းထားသောရလဒ်များ

- ငွေသားထုတ်ပေး ပြီးငွေလွှဲပေးမှုပေါင်း ၁၆၀,၀၀၀ လွှဲပေးနိုင်ရန်။
- ရွှေ့ပြောင်းအလုပ်သမားများ၊ ကိုယ်ဝန်ဆောင်အလုပ်သမားများငှ် အသက် ၁၀ နှင့် ၁၀ နှစ်အောက် ကလေး ငယ်ရှိသော အလုပ်သမားများ အားထောက်ပံ့မှုများအတွက် ဦး စားပေး ရန်။
- အနည်းဆုံးစက်ရုံအလုပ်သမား ၁,၀၀၀ ခန့်အား သူတို့ရဲ့အလုပ်လက်မဲ့ ကာလ အတွင်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများတက်ရောက်နိုင်ရန် ထောက်ပံ့ငွေ ပေး ရန်။
- မြန်ကူအစီအစဉ် အကောင်အထည်ဖော်နေစဉ် တွေ့ရှိခဲ့သည့် ကလေး စက်ရုံအလုပ်သမားများအား အခြေခံသို့မဟုတ်အခြား ရွေးချယ်စရာ ပညာရေးအစီအစဉ်များအတွက် စာရင်းပေးသွင်းပေးရန်။
- မြန်ကူ၏ဆရာဝန်များမှ ကိုယ်ဝန်ဆောင် နှင့်ရွှေ့ပြောင်းအလုပ်သ မား အနည်းဆုံး ၂,၀၀၀ အား လူမှုရေးနှင့် အပြုအမူဆိုင်ရာပြောင်းလဲခြင်း နှင့်အကြံပေးခြင်း ဆွေးနွေးပွဲများကို ပြုလုပ် ပေး ရန်။
- လူမှုရေးနှင့် အပြုအမူဆိုင်ရာပြောင်းလဲခြင်း အကြံပေးခြင်း ဆွေးနွေးပွဲ များပြုလုပ်ခြင်းအားဖြင့် အကျိုးခံစားခွင့်ရှိသူ အနည်းဆုံး၆၀၀ တွင် တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် အာဟာရဆိုင်ရာ အလေ့ အကျင့်များ တိုးတက် လာစေရန်။
- အလုပ်လက်မဲ့အာမခံ နှင့်ပတ်သတ်သည်များကို မြန်ကူမှ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုများကို စီစဉ်ဆောင်ရွက်ရန်။
- စက်ရုံများ အလုပ်သမားငှားရမ်းခြင်းကို စီမံကိန်း ၏ ကိုက်ညီသော အလုပ် များ ရှာဖွေပေးခြင်းဆောင်ရွက်ချက်မှတဆင့် ကူညီ ပေးရန်။



## ၂၀၂၁ အတွက်ရည်ရွယ်သောအကျိုးခံစားခွင့်ရှိသူများ

မြန်ကူသည် အထည်ချုပ်ကုန်ထုတ်လုပ်မှုကဏ္ဍတွင်ရှိသော အလုပ်လက်မဲ့ စက်ရုံအလုပ်သမားများအား ထောက်ပံ့ပေး ရန်ဦးတည်သည် ။ ထောက်ပံ့ ပေးရန်အဓိက ဦးတည်မှုများမှာ------

- ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်အတွင်း အလုပ်ဆုံးရှုံးခဲ့ရသော သို့မဟုတ် ဝင်ငွေ နည်းပါးခဲ့ရသော ကိုယ်ဝန်ဆောင်အလုပ် သမားများ။
- လျော်ကြေးငွေမရရှိပဲ ရပ်ဆိုင်းခြင်းခံရသောအလုပ်သမားများ။
- အလုပ် ရပ်ဆိုင်းခြင်းခံရသော သို့မဟုတ် ဆိုင်းငံ့ခြင်း ခံရသော ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများ။
- အသက် ၁၀ နှစ် နှင့် အသက် ၁၀ နှစ်အောက်ကလေးငယ်ရှိသော စက်ရုံ အလုပ်သမားများ။
- ကျွမ်းကျင်မှုသင်တန်းတက်ရန် ဆန္ဒရှိသော အလုပ်လက်မဲ့ စက်ရုံ အလုပ်သမားများ။
- လူမှုဖူလုံရေးအဖွဲ့အစည်းစနစ် တွင် စာရင်းသွင်းလိုသော အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း များနှင့်အလုပ်သမားများ။

EU Myan Ku ရန်ပုံငွေအစီအစဉ် ကိုမိတ်ဖက်များနှင့်အတူ sequa gGmbH မှအကောင်အထည်ဖော် ဆောင်ရွက်သည်။မြန်ကူ၏လုပ်ဆောင်မှုများကို sequa ၏ sister project ဖြစ်သော SMART Textile & Garments မှ အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများကို အသုံးပြုထားပါသည်။ SMART သည်မြန်မာနိုင်ငံတစ်ဝှမ်းရှိ အထည်ချုပ် ကဏ္ဍ တွင် လူမှုရေး နှင့်ပတ်ဝန်းကျင်ဆိုင်ရာစွမ်းဆောင်ရည် များ တိုးတက်အောင် မြှင့်တင်ပေးမှုများ ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါသည်။ မြန်ကူ နှင့် SMART အကြောင်း **ပိုမိုသိရှိရန်** **www.smartmyanmar.org** တွင်ဝင်ရောက် လေ့လာနိုင်ပါ သည်။

**Published by:** **sequa gGmbH Myanmar branch office**
56 M1 Thiri Marlar Street, Mayangone Township, Yangon / Myan Ku ဖုန်းနံပါတ် ၀၉ ၇၅၀၂၀၈၈၈၇

**Responsible:**
Sabine Erez, Project Director — sabine.erez@sequa.de
Jacob A. Clere, Team Leader — jacob.clere@smartmyanmar.org
Su Mon Thair, Project Manager — sumon@smartmyanmar.org

*Last updated January 15th, 2021*

**ဤစာစောင်တွင်ဖော်ပြထားသောအမြင်များသည်ဥရောပသမဂ္ဂ၏အမြင်များကိုကိုယ်စားမပြုပါ။**